NDD
network for democracy & development

**Network for Democracy and Development**
**Documentation and Research Department**

P.O Box 125, Mae Sod,Tak, 63110,Thailand. Tel : 66 81 7241281. E-mail : ndddrd@csloxinfo.com

## အပါတ်စဉ် ပြည်တွင်းသတင်း သုံးသပ်ချက်
## အမှတ်စဉ် (၂၉၁)

### “ဒီပဲယင်းလူသတ်တရားခံအဖြစ်နဲ့ ဇာတ်မြှုပ်ခံရတော့မဲ့ နအဖဝန်ကြီးချုပ်”

နအဖဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းရဲ့ ကျန်းမာရေးအခြေအနေ ဆိုးဝါးလာနေတဲ့အတွက် မကြာခင် ရာထူးကအနားပေးခံရတော့မယ်လို့ နအဖစစ်အစိုးရအသိုင်းအဝိုင်းက ရရှိတဲ့သတင်းတွေကိုကိုးကားပြီး ဧပြီလ(၁၈)ရက်နေ့ ရန်ကုန်ကနေ ပေးပို့တဲ့ **DPA** သတင်းတပုဒ်မှာ ဖေါ်ပြခဲ့ပါတယ်။ ဗိုလ်ချုပ်ကြီးစိုးဝင်းဟာ မတ်လ(၉)ရက်နေ့မှာကတည်းက စင်္ကာပူနိုင်ငံကို ရောက်ရှိနေခဲ့တာဖြစ်ပါတယ်။ နအဖက ဗိုလ်ချုပ်ကြီးစိုးဝင်းရဲ့ ကျန်းမာရေးအခြေအနေကို တရားဝင် ထုတ်ဖေါ်ကြေညာခြင်း မရှိတဲ့အတွက် ဒီခရီးစဉ်ကို သာမန် အလည်အပတ်ခရီးစဉ်အဖြစ်နဲ့သာ **AP** သတင်းဌာနက ဖေါ်ပြခဲ့တာဖြစ်ပါတယ်။ ဒါပေမဲ့ မတ်လ(၂၀)ရက်နေ့ထုတ် **AFP** သတင်းတစ်ပုဒ်မှာတော့ ဗိုလ်ချုပ်ကြီးစိုးဝင်းဟာ စင်္ကာပူ အထွေထွေရောဂါကုဆေးရုံကြီးမှာ ဆေးကုသမှုခံယူနေကြောင်း၊ ဘာရောဂါမှန်း မသိရသေးကြောင်း၊ သံအရာရှိတစ်ဦးကိုကိုးကားပြီး ဖေါ်ပြခဲ့တာ တွေ့ရပါတယ်။

ဒီသတင်းကို နအဖက ဆက်လက်ဖုံးကွယ်ထားချင်သေးပေမဲ့ မတ်လ(၂၆)ရက်နေ့ ကြပ်ပြေးနေပြည်တော်မှာ ကျင်းပပြုလုပ်တဲ့ သတင်းစာရှင်းလင်းပွဲ(၁/၂၀၀၇)မှာ နိုင်ငံခြားသတင်းထောက်တွေက ဝိုင်းဝန်းမေးမြန်းခဲ့ကြတာကြောင့် နအဖ ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဗိုလ်ချုပ်ကြီးစိုးဝင်း ဟာ အသက်အရွယ်ကြီးလာတဲ့အတွက် ကျန်းမာရေးစစ်ဆေးခံဖို့ စင်္ကာပူကို သွားရောက်နေတာဖြစ်တယ်လို့ မလွှဲမရှောင်သာ ဝန်ခံဖြေကြားခဲ့တာ တွေ့ရပါတယ်။ အသက်(၅၈)နှစ်အရွယ် ဗိုလ်ချုပ်ကြီးစိုးဝင်းမှာ **Leukaemia** ခေါ် သွေးကင်ဆာရောဂါ ဖြစ်ပွားနေကြောင်း သတင်းတွေပေါ်ထွက်နေပေမဲ့ စစ်အစိုးရက အခုအချိန်အထိ တရားဝင်မထုတ်ပြန်တဲ့အတွက် မှန်မမှန်ဆိုတာ အတိအကျ မသိရသေးပါဘူး။

ဗိုလ်ချုပ်ကြီးစိုးဝင်းမှာ **Depression** ခေါ် စိတ်ကျဝေဒနာကို ခံစားနေရတဲ့လက္ခဏာတွေလည်း တွေ့ရှိရတယ်လို့ သူနဲ့နီးစပ်သူတချို့က ပြောဆိုခဲ့ပါတယ်။ ၂၀၀၄ခုနှစ် အောက်တိုဘာလ(၁၉)ရက်နေ့မှာ နအဖဝန်ကြီးချုပ်နဲ့ စစ်ထောက်လှမ်းရေးအကြီးအကဲ ဗိုလ်ချုပ်ကြီးခင်ညွန့်ကို လာဘ်စားမှု၊ စစ်စည်းကမ်းဖေါက်ဖျက်မှုတွေနဲ့ နအဖကစွပ်စွဲပြီး အရေးယူ ဖယ်ရှားလိုက်ပြီးနောက် အတွင်းရေးမှူး(၁)ဖြစ်တဲ့ ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းကို ဝန်ကြီးချုပ်သစ်အဖြစ် ပြောင်းလဲခန့်အပ် တာဝန်ပေးခဲ့တာဖြစ်ပါတယ်။ ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းဟာ ဝန်ကြီးချုပ်တာဝန်ကို စတင်ထမ်းဆောင်ခဲ့ရတဲ့အချိန်ကစပြီး စိတ်ကျဝေဒနာကို ခံစားလာခဲ့ရတာဖြစ်နိုင်တယ်လို့ ဆိုပါတယ်။ သူ့အနေနဲ့ ဗိုလ်ချုပ်ကြီးခင်ညွန့်ရဲ့ ဝန်ကြီးချုပ်တာဝန်ကို လွှဲပြောင်းယူခဲ့ရပေမဲ့ ဗိုလ်ချုပ်ကြီးခင်ညွန့်လို သြဇာအာဏာနဲ့လုပ်ပိုင်ခွင့်မျိုး မရှိတဲ့အတွက် ပြည်တွင်းပြည်ပရဲ့ အသိအမှတ်ပြုမှုကို ဒီကနေ့အထိ မရရှိခဲ့သေးဘူးလို့ လေ့လာသူတွေက သုံးသပ်နေကြပါတယ်။ ဒါ့အပြင် ဗိုလ်ချုပ်ကြီးစိုးဝင်းဟာ ၂၀၀၃ခုနှစ် မေ(၃၀) ဒီပဲယင်းလူသတ်ပွဲနဲ့ ၁၉၈၈ခုနှစ် ဩဂုတ်လ(၁၀)ရက်နေ့ ရန်ကုန်ဆေးရုံကြီးရှေ့က လူသတ်ပွဲတွေမှာ အရေးပါတဲ့အခန်းကဏ္ဍက ပါဝင်ခဲ့တယ်ဆိုတဲ့သတင်းတွေကြောင့်လည်း သူ့အပေါ် နိုင်ငံတကာနဲ့ မြန်မာပြည်သူတွေက ရှုံ့ချမုန်းတီးခဲ့ကြပါတယ်။

ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းဟာ နအဖ အတွင်းရေးမှူး(၁)ရာထူးနဲ့ **Air Defence General** ဆိုတဲ့ လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့ အရာရှိချုပ်တာဝန်တွေကို ပူးတွဲထမ်းဆောင်ခဲ့စဉ်က သြဇာအာဏာပိုရှိခဲ့တာကို တွေ့ရပါတယ်။ သူ့ကို ဝန်ကြီးချုပ်အဖြစ် တာဝန်ပေးအပ်ချိန်မှာ သူ့ရဲ့ မူလတပ်တာဝန်ဖြစ်တဲ့ လေကြောင်းရန်ကာကွယ်ရေးတပ်ဖွဲ့အရာရှိချုပ် တာဝန်တွေကို ဗိုလ်ချုပ်အေးမြင့်ကို လွှဲပြောင်းပေးခဲ့ရတာကြောင့် တပ်မဲ့ဗိုလ်ချုပ်ကြီးဘဝနဲ့ ဝန်ကြီးဌာနတွေကို တာဝန်ခံကြီးကြပ်ခဲ့ရပါတယ်။ ဝန်ကြီးချုပ်ဆိုပေမဲ့ ဝန်ကြီးဌာနတွေအားလုံးက သူ့ကွပ်ကဲမှုအောက်မှာ မရှိပါဘူး၊ ကာကွယ်ရေးဝန်ကြီးဌာနရဲ့ ဝန်ကြီး

က ဗိုလ်ချုပ်မှူးကြီးသန်းရွှေကိုယ်တိုင် ဖြစ်နေတဲ့အတွက် ကာကွယ်ရေးဝန်ကြီးဌာနကို သူကညွှန်ကြားရမဲ့အစား ကာကွယ်ရေးဝန်ကြီးဌာနက သူ့ကိုပြန်ပြီးညွှန်ကြားတာကို ခံနေရတယ်လို့ဆိုပါတယ်။

ဗိုလ်ချုပ်ကြီးစိုးဝင်းဟာ **DSA** အပတ်စဉ်(၁၂) ကျောင်းဆင်းတစ်ဦးဖြစ်ပြီး သူ့ရဲ့ကိုယ်ပိုင်နံပါတ်က (ကြည်း/၁၁၇၁၅) ဖြစ်ပါတယ်။ ဒါကြောင့် ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေ (ကြည်း/၆၇၁၀)၊ သိပ္ပံနဲ့နည်းပညာဝန်ကြီး ဦးသောင်း (ကြည်း/၇၈၅၆)၊ စက်မှု(၂)ဝန်ကြီး ဗိုလ်ချုပ်စောလွင် (ကြည်း/၈၇၇၁)၊ စွမ်းအင်ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ (ကြည်း/၈၉၀၇)၊ သမဝါယမဝန်ကြီး ဗိုလ်ချုပ်တင်ထွတ် (ကြည်း/၉၁၂၇)၊ ဆောက်လုပ်ရေးဝန်ကြီး ဗိုလ်ချုပ်စောထွန်း (ကြည်း/၉၇၀၆)၊ စက်မှု(၁) ဝန်ကြီး ဦးအောင်သောင်း (ကြည်း/၁၀၁၀၇)၊ သတ္တုတွင်းဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့် (ကြည်း/၁၀၃၁)၊ သာသနာရေးဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင် (ကြည်း/၁၁၀၈၁)၊ အားကစားဝန်ကြီး ဗိုလ်ချုပ်သူရအေးမြင့် (ကြည်း/၁၁၂၄၈)၊ မွေးမြူရေးနဲ့ ရေလုပ်ငန်းဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိန်း (ကြည်း/၁၁၃၆၁)၊ သစ်တောဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် (ကြည်း/၁၁၃၆၄)၊ ပြန်ကြားရေးဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း (ကြည်း/၁၁၅၃၆)၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် (ကြည်း/၁၁၇၀၀) တို့ဟာ တပ်မတော်ထဲမှာ သူ့ထက်စောပြီး အရာရှိဖြစ်ခဲ့ကြသူတွေ ဖြစ်ပါတယ်။ ဒီစာရင်းအပြင် တခြား ဝန်ကြီးတွေနဲ့ ဒုဝန်ကြီးတွေထဲမှာလည်း သူထက် စစ်သက်ဝါရင့်သူတချို့ ကျန်ကောင်းကျန်ရှိ နေနိုင်ပါသေးတယ်။ စီနီယာဝန်ကြီးတွေဟာ ဝန်ကြီးချုပ်ကို ကွယ်ရာမှာ “ချာတိတ်” လို့ ခေါ်ပြီး မလေးမစား ဆက်ဆံလေ့ရှိတယ်လို့ ဆိုပါတယ်။

ဗိုလ်ချုပ်ကြီးစိုးဝင်းဟာ နအဖစစ်ကောင်စီရဲ့ နံပါတ်(၄)နေရာမှာရှိတယ်ဆိုပေမဲ့ နအဖအတွင်းရေးမှူး(၁)လည်းဖြစ်၊ စစ်ရေးချုပ်လည်းဖြစ်တဲ့ ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် (ကြည်း/၁၁၂၅၂)၊ အထူးစစ်ဆင်ရေးအဖွဲ့မှူးတွေဖြစ်ကြတဲ့ ဒုဗိုလ်ချုပ်ကြီး ကျော်ဝင်း (ကြည်း/၁၀၁၉၄)၊ ဒုဗိုလ်ချုပ်ကြီးရဲမြင့် (ကြည်း/၁၀၃၁၀)၊ ဒုဗိုလ်ချုပ်ကြီးခင်မောင်သန်း (ကြည်း/၁၀၃၂၀)၊ ဒုဗိုလ်ချုပ်ကြီးမောင်ဘို (ကြည်း/၁၀၃၃၇)၊ လေ့ကျင့်ရေးအရာရှိချုပ် ဒုဗိုလ်ချုပ်ကြီး အောင်ထွေး (ကြည်း/၉၇၅၂)၊ ကာကွယ်ရေးပစ္စည်းထုတ်လုပ်ရေးအရာရှိချုပ် ဒုဗိုလ်ချုပ်ကြီးတင်အေး (ကြည်း/၁၁၂၃၆)၊ စစ်ထောက်ချုပ် ဒုဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး (ကြည်း/၁၁၇၀၁) တို့ထက်လည်း ဂျူနီယာ ကျနေတာတွေ့ရပါတယ်။ တပ်လက်ကိုင်ရှိကြတဲ့ အဲဒီဗိုလ်ချုပ်ကြီးတွေကလည်း ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းကို လေးလေးစားစား ဆက်ဆံတာမျိုး မရှိကြဘူးလို့ ဆိုပါတယ်။

နအဖဗိုလ်ချုပ်အသိုင်းအဝိုင်းမှာ အုပ်စုကွန်ယက်တွေ၊ စီးပွားရေးကွန်ယက်တွေအပြင် သားပေးသမီးယူ၊ မောင်လှယ်နှမလှယ် လုပ်ပြီး ဖွဲ့စည်းထူထောင်ထားတဲ့ မိသားစုကွန်ယက်တွေလည်း ရှိနေပါတယ်။ စက်မှု(၁)ဝန်ကြီး ဦးအောင်သောင်း ဆိုရင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ ဒေါ်ကြိုင်ကြိုင်တို့ကို ဒေါ်လာသန်းချီလာဘ်ထိုးပြီး အပိုင်ပေါင်းထားတဲ့အပြင် သူ့သားကို ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးရဲ့သမီးနဲ့ လက်ဆက်ထိမ်းမြားပေးထားတဲ့အတွက် နအဖဝန်ကြီးအဖွဲ့ထဲမှာ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထက်ပိုပြီး ဩဇာအာဏာကြီးမားတယ်လို့ ဆိုပါတယ်။ ဦးအောင်သောင်းလို နိုင်ငံတော်အကြီးအကဲဆိုသူတွေနဲ့ ဆွေမျိုးတော်စပ်တဲ့၊ ဂိုဏ်းအုပ်စုတူတဲ့၊ ဝန်ကြီးဝန်ကလေးဆိုသူတွေကလည်း “သူကြီးနဲ့ပေါင်းပြီး ဆယ်အိမ်ခေါင်းကို ဟိုဒင်းထင်” ဆိုတဲ့အချိုးမျိုးနဲ့ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းအပေါ် ဆက်ဆံလေ့ရှိကြတယ်လို့ ဆိုပါတယ်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနဲ့ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးတို့ကလည်း တချို့ကိစ္စတွေမှာ ဝန်ကြီးချုပ်ကိုကျော်ပြီး ဝန်ကြီးတွေကို တိုက်ရိုက်ညွှန်ကြားတာမျိုးတွေ လုပ်လေ့ရှိတယ်လို့ ဆိုပါတယ်။

စစ်တိုင်းမှူးတွေနဲ့ ဒကစ မှူးတချို့ကို တယက/ပယက ဥက္ကဌတွေအဖြစ် ပူးတွဲတာဝန်ပေးပြီး ဒေသဆိုင်ရာ နိုင်ငံရေး၊ စီးပွားရေးနဲ့ စီမံခန့်ခွဲရေးလုပ်ငန်းတွေကိုပါ ကြီးကြပ်အုပ်ချုပ်ခွင့်တွေ ပေးထားပြန်တဲ့အတွက်လည်း နအဖဝန်ကြီးအဖွဲ့ဟာ အောက်ခြေဌာနဆိုင်ရာတွေကို အုပ်ချုပ်ရာမှာ အခက်အခဲမျိုးစုံနဲ့ ကြုံတွေ့နေရပါတယ်။ တိုင်းနဲ့ပြည်နယ်တွေက ဌာနဆိုင်ရာအကြီးအကဲတွေဟာ ကိုယ့်ဝန်ကြီးဌာရဲ့ညွှန်ကြားချက်ထက် အနီးကပ်ရှိနေတဲ့ စစ်တိုင်းမှူးတွေရဲ့ညွှန်ကြားချက်ကိုသာ ပိုမိုအလေးထား လိုက်နာလုပ်ဆောင်ပေးကြရပါတယ်။ ပဲခူးတိုင်း (၄)လပတ်အစည်းအဝေးတစ်ခုမှာ စစ်တိုင်းမှူး ဗိုလ်ချုပ်ကိုကို ကငါးနဲ့ပုဇွန်မွေးမြူရေးကန်တွေ တိုးချဲ့တူးဖေါ်ဖို့ ညွှန်ကြားခဲ့တာကို တိုင်းအဆင့် ကြေးတိုင်နဲ့မြေစာရင်းဦးစီးဌာနမှူးက လယ်/ဆည် ဝန်ကြီးဌာနရဲ့ ညွှန်ကြားချက်တွေနဲ့ကွဲလွဲနေကြောင်း ရှင်းလင်းတင်ပြမိတဲ့အတွက် ချက်ချင်းအရေးယူ ပြောင်းပစ်တာကို ခံခဲ့ရဘူးပါတယ်။

ဗိုလ်ချုပ်ကြီးခင်ညွန့် နအဖဝန်ကြီးချုပ်အဖြစ် တာဝန်ယူခဲ့စဉ်က ကက/လှမ်း ညွှန်ချုပ်ရာထူးကို လက်မလွှတ်ပဲ တွဲကိုင်ထားတဲ့အတွက် သူ့အောက်က ဝန်ကြီးဝန်ကလေးတွေနဲ့ စစ်တိုင်းမှူးတွေဟာ သူ့ကို မကျော်ရဲကြပါဘူး။ နောက်တစ်ချက်က ဗိုလ်ချုပ်ကြီးခင်ညွန့်ဟာ ၁၉၈၈ခုနှစ် စစ်အာဏာသိမ်းပွဲနဲ့ ၁၉၉၇ခုနှစ် နဝတအတွင်း ဖြုတ်ထုတ်ရှင်းလင်းပွဲတွေမှာ အဓိကအခန်းက ပါဝင်လှုပ်ရှားခဲ့သူဖြစ်တဲ့အတွက် သူ့အထက်က ဗိုလ်ချုပ်မှူးကြီး(၂)ဦးကတောင် သူ့ကို အထူးသတိထားပြီး အလိုက်

သင့် ဆက်ဆံခဲ့ကြရတယ်လို့ ဆိုပါတယ်။ ဗိုလ်ချုပ်ကြီးခင်ညွန့်က သူ့ကိုယ်သူ ယုံကြည်မှုအပြည့်ရှိတဲ့အတွက် တချို့ကိစ္စတွေမှာ သူ့ဘာသာဆုံးဖြတ်ပြီး ပြောဆိုလုပ်ကိုင်ခဲ့တာမျိုးတွေ တွေ့ရပါတယ်။ တရုတ်နဲ့ အာဆီယံနိုင်ငံတွေအပါအဝင် နိုင်ငံတကာက လည်း ဗိုလ်ချုပ်ကြီးခင်ညွန့်သာလျှင် ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို စနစ်တကျနဲ့ အကောင်အထည်ဖေါ်ပေးနိုင်လိမ့်မယ် လို့ မျှော်လင့်ခဲ့ကြပါတယ်။

ဗိုလ်ချုပ်ကြီးစိုးဝင်းကတော့ ဒီလိုမဟုတ်ပါဘူး။ နအဖအကြီးအကဲဆိုသူတွေက ဗိုလ်ချုပ်ကြီးစိုးဝင်းကို ဝန်ကြီးချုပ် တစ်ဦးရဲ့ လုပ်ပိုင်ခွင့်တွေ အပြည့်အဝ ပေးမထားတဲ့အပြင် သူတို့ရဲ့အမိန့်နဲ့ ညွှန်ကြားချက်တွေကို မလိုက်နာရင် အချိန်မရွေး ဖြုတ်ပစ်မယ်လို့ သတိပေးခြိမ်းခြောက်တာတွေ လုပ်ခဲ့ကြတာ တွေ့ရပါတယ်။ ၂၀၀၄ခုနှစ် အောက်တိုဘာ(၂၄)ရက်နေ့မှာ ဗိုလ်ချုပ်ကြီးရွှေမန်း က ဝန်ကြီးချုပ်အသစ်စက်စက် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းကို ဘေးမှာထားပြီး "ဝန်ကြီးချုပ်အပါအဝင် အစိုးရအဖွဲ့ဝင် ဝန်ကြီးတွေအားလုံးဟာ ပြည်သူလူထုက ရွေးချယ်တင်မြှောက်ထားတဲ့ကိုယ်စားလှယ်တွေ မဟုတ်ကြောင်း၊ နအဖ စစ်ကောင်စီက ချမှတ်ပေးထားတဲ့ မူဝါဒတွေ၊ အမိန့်ညွှန်ကြားချက်တွေ၊ ဥပဒေလုပ်ထုံးလုပ်နည်းတွေနဲ့အညီ နိုင်ငံတော်အပေါ် မှာ သစ္စာရှိရှိ တာဝန်ထမ်းဆောင်နိုင်စွမ်းရှိလိမ့်မယ်လို့ယူဆတဲ့ ပုဂ္ဂိုလ်တွေကို ရွေးချယ်တာဝန်ပေးထားခြင်း ဖြစ်ကြောင်း၊ ဒါကြောင့် နိုင်ငံတော်က ပေးအပ်ထားတဲ့တာဝန်တွေကို အကောင်အထည်ဖေါ်ဆောင်ရွက်ရာမှာ နိုင်ငံတော်ရဲ့မူဝါဒတွေ၊ နိုင်ငံ တော်ရဲ့ စည်းမျဉ်းစည်းကမ်းတွေနဲ့ ဆန့်ကျင်သွေဖယ်ခဲ့ရင်၊ ပြည်သူတွေရဲ့အကျိုးစီးပွားကို သယ်ပိုးထမ်းဆောင်နိုင်စွမ်း မရှိ တော့ရင် အဲဒီ ပုဂ္ဂိုလ်တွေကို ပေးအပ်ထားတဲ့တာဝန်တွေကို ပြည်လည်ရုပ်သိမ်းရမယ်" လို့ အထက်စီးနဲ့ ခြိမ်းခြောက်ပြောဆို ခဲ့တာ တွေ့ရပါတယ်။

ဒါကြောင့်လည်း ဗိုလ်ချုပ်ကြီးစိုးဝင်းဟာ ဘယ်ကိစ္စကိုမှ ကိုယ်တိုင်ဆုံးဖြတ်ပြီး ဦးဆောင်လုပ်ကိုင်ခဲ့တာမျိုး မတွေ့ရပါ ဘူး။ ၂၀၀၄ ခုနှစ် နိုဝင်ဘာလနောက်ဆုံးပတ်အတွင်း လာအိုနိုင်ငံ ဗီယင်ကျန်းမှာ ကျင်းပပြုလုပ်ခဲ့တဲ့ (၁၀)ကြိမ်မြောက် အာဆီ ယံ ထိပ်သီးအစည်းအဝေးမှာ ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်သက်တမ်း နောက်ထပ်(၁)နှစ် တိုးမြှင့်လိုက်တာ ကို သူကိုယ်တိုင်တောင် မသိရသေးပါဘူးလို့ ဖွင့်ဟပြောဆိုခဲ့တာကို ကြည့်မယ်ဆိုရင် နအဖဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းဟာ ဘာလုပ်ပိုင်ခွင့်မှမရှိတဲ့ ဓါးစာခံ ဟန်ပြဝန်ကြီးချုပ်သက်သက် ဖြစ်တယ်ဆိုတာ ထင်ရှားနေပါတယ်။

ဗိုလ်ချုပ်ကြီးစိုးဝင်း ဝန်ကြီးချုပ်ဖြစ်ခါစမှာ ပြည်သူလူထုအပေါ် ဖိစီးနှိပ်စက်နေတဲ့ လာဘ်ပေးလာဘ်ယူမှုတွေနဲ့ ကျင့် ဝတ်သိက္ခာချိုးဖေါက်မှုတွေကို တိုက်ဖျက်ချေမှုန်းပြီး သန့်ရှင်းထက်မြက်တဲ့အစိုးရယန္တယားမျိုး ပေါ်ပေါက်လာအောင် ဦးဆောင် ကြိုးပမ်းသွားမယ်လို့ တက်တက်ကြွကြွနဲ့ ကတိတွေပေးခဲ့ပေမဲ့ လက်တွေ့မှာတော့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေမိသားစု၊ ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးမိသားစု၊ ဗိုလ်ချုပ်ကြီးရွှေမန်းမိသားစု အပါအဝင် တခြားတခြားသော ဗိုလ်ချုပ်ကြီးငယ်တွေရဲ့ မိသား စုတွေကိုယ်တိုင် ကျူးလွန်နေကြတဲ့ လာဘ်ပေးလာဘ်ယူမှုတွေနဲ့ ကျင့်ဝတ်သိက္ခာချိုးဖေါက်မှုတွေကို ထိရဲဖို့နေနေသာသာ စိတ် နဲ့တောင် ပစ်မှားကျူးလွန်ခြင်းမပြုရဲတာကို အထင်အရှား တွေ့နိုင်ပါတယ်။

၁၉၉၂ခုနှစ် ဧပြီလ(၂၂)ရက်နေ့မှာ နဝတဥက္ကဌ၊ ကာကွယ်ရေးဦးစီးချုပ်၊ ဝန်ကြီးချုပ်၊ ကာကွယ်ရေးဝန်ကြီး စတဲ့ တာဝန်တွေကို တစ်ဦးတည်းသိမ်းကျုံးရယူခဲ့တဲ့ ဗိုလ်ချုပ်မှူးကြီး သန်းရွှေဟာ ၂၀၀၃ခုနှစ် မေ(၃၀) ဒီပဲယင်းလူသတ်ပွဲအပြီး ဩ ဂုတ်လ (၂၅)ရက်နေ့မှာ သူ့ရဲ့ဝန်ကြီးချုပ်တာဝန်ကို ဗိုလ်ချုပ်ကြီးခင်ညွန့်ကို လွှဲပြောင်းပေးအပ်ခဲ့ပါတယ်။ ဒီလို လွှဲပြောင်းပေး အပ်ခဲ့တာဟာ သူကိုယ်တိုင် နောက်ကွယ်က အမိန့်ပေးကျူးလွန်ခဲ့တဲ့ ဒီပဲယင်းလူသတ်ပွဲကြောင့် ပေါ်ပေါက်လာမဲ့ ပြည်တွင်း ပြည်ပ ဖိအားအမျိုးမျိုးနဲ့ ပြဿနာအဖုံဖုံကို ရင်မဆိုင်ရဲလို့ ဗိုလ်ချုပ်ကြီးခင်ညွန့်ကို ဒါးစာခံလုပ်ပြီး ဖြေရှင်းခိုင်းခဲ့တာ ဖြစ်ပါ တယ်။ ဝန်ကြီးချုပ်ရာထူးကို လွှဲပြောင်းပေးခဲ့ပေမဲ့ ကာကွယ်ရေးဝန်ကြီးရာထူးကို အခုအချိန်အထိ လွှဲပြောင်းမပေးပဲ ဆက် လက်ဆုပ်ကိုင်ထားတာကို ကြည့်မယ်ဆိုရင် နအဖဝန်ကြီးချုပ်ဟာ ကာကွယ်ရေးဝန်ကြီးလောက်တောင် ဩဇာအာဏာ မရှိ နိုင်ဘူးဆိုတာ ထင်ရှားနေပါတယ်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေဟာ သူစိုးရိမ်ထိတ်လန့်နေရတဲ့ ဗိုလ်ချုပ်ကြီးခင်ညွန့်ကို ဝန်ကြီးချုပ်နေရာပေးပြီး ပြဿနာပေါ် တာနဲ့ တချက်တည်း အပြတ်ရှင်းပစ်ခဲ့သလို သူ့အမိန့်အရ ဒီပဲယင်းလူသတ်ပွဲကို တာဝန်ခံကြီးကြပ်ခဲ့ရတဲ့ ဗိုလ်ချုပ်ကြီးစိုးဝင်း ကိုလည်း ပြဿနာပေါ်အောင်လုပ်ပြီး နှုတ်ပိတ်ပစ်နိုင်ဖို့အတွက် လုပ်ပိုင်ခွင့်အာဏာမရှိတဲ့ ဝန်ကြီးချုပ်တာဝန်ကို တမင်ရည် ရွယ်ပေးအပ်ခဲ့တာ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် နအဖဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းတစ်ယောက် သွားလေသူ ဗိုလ်ချုပ်မှူးကြီး စောမောင်လို၊ ဗိုလ် ချုပ်ကြီး ခင်ညွန့်လို ကျမ္မာရေးကိုအကြောင်းပြပြီး ချောင်ထိုးခံရတော့မဲ့အခြေအနေတွေနဲ့ ရင်ဆိုင်နေရပြီ ဖြစ်ပါတယ်။ ဗိုလ်ချုပ် ကြီးစိုးဝင်းအနေနဲ့ ဒီပဲယင်း အစုလိုက်အပြုံလိုက်လူသတ်ပွဲရဲ့ တစ်ဦးတည်းသောတရားခံအဖြစ်နဲ့ သမိုင်းကို နိဂုံးချုပ် မသွား သင့်ပါဘူး။ သားစဉ်မြေးဆက်ရဲ့ ဂုဏ်သိက္ခာတွေကို ထိန်းသိမ်းကာကွယ်သွားတဲ့အနေနဲ့ ဒီပဲယင်းဖြစ်ရပ်မှန်တွေကို ပြည်သူတွေ

သိအောင် ရှင်းလင်းဖေါ်ထုတ်သွားသင့်ပါတယ်။ သက်သေအထောက်အထားတွေ ကျန်ရှိနေတုန်းအချိန်မှာ အဖြစ်မှန်တွေကို တိတိကျကျ ဖေါ်ထုတ်တင်ပြခြင်းမပြုခဲ့ရင်တော့ ဗိုလ်ချုပ်ကြီးနေဝင်းက ဗိုလ်မှူးချုပ်အောင်ကြီးကို ရန်ကုန်တက္ကသိုလ် သမဂ္ဂအဆောက်အဦးကြီးကို မိုင်းခွဲဖျက်ဆီးဖို့ အမိန့်ပေးညွှန်ကြားခဲ့တဲ့ သမိုင်းတရားခံအဖြစ်နဲ့ အပြစ်အားလုံးပုံချဖို့ ကြိုးစားခဲ့သလို ဖြစ်ရပ်မျိုးတစ်ခု ထပ်မံပေါ်ပေါက်လာနိုင်ကြောင်း သုံးသပ်တင်ပြလိုက်ရပါတယ်။ ။

(မှတ်ချက်။ ။ ဒီမိုကရေစီနှင့်ဖွံ့ဖြိုးရေးတိုးတက်ရေးအင်အားစုမှ ၂၀၀၅ခုနှစ် ဇွန်လ(၂၅)ရက်နေ့တွင် ထုတ်ဝေဖြန့်ချိခဲ့သော ပြည်တွင်းသတင်းသုံးသပ်ချက် အမှတ်စဉ် (၂၀၃) “ တပ်မဲ့ဗိုလ်ချုပ်ကြီးတစ်ဦးရဲ့ အနာဂါတ်” နှင့် ယှဉ်တွဲဖတ်ရှုစေလိုပါသည်။)

***End of report/ Saturday, April 21, 2007***
ဒီမိုကရေစီနှင့်ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု၊ သုတေသနနှင့် မှတ်တမ်းတင်ဌာနမှ ထုတ်ဝေဖြန့်ချိသည်။
***Documentation and Research Department (NDD)***

မိတ်ဆွေများခင်ဗျား–

မိမိတို့ သုတေသနနှင့် မှတ်တမ်းတင်ဌာန (ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု) အနေဖြင့် မြန်မာနိုင်ငံနှင့် သက်ဆိုင်သော သတင်းအချက်အလက်များ၊ အထောက်အထားများကို စနစ်တကျ သိမ်းဆည်းမှတ်တမ်းတင်နေပါသဖြင့် လူကြီးမင်းတို့၏ အဖွဲ့အစည်းများမှ ထုတ်ဝေဖြန့်ချိသော စာအုပ်များ၊ စာတမ်းများ၊ သတင်းများ၊ ထုတ်ပြန်ကြေညာချက်များ၊ သတင်းဓာတ်ပုံများ၊ ပြက္ခဒိန်များကို ပေးပို့ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

သုတေသနနှင့် မှတ်တမ်းတင်ဌာန
ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးအင်အားစု